ဝေါ စည်ပင်

မြို့နယ်စည်ပင်သာယာရေးအဖွဲ့
စာအမှတ်......
ရက်စွဲ.......
ဝေါမြို့

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့

## (ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့)

## ဝေါ မြို့ နယ် စည် ပင် သာ ယာ ရေး အ ဖွဲ့

## အရပ်ရပ်အခွင့်အရေးလိုင်စင်များရောင်းချမည့်ကြော်ငြာစာ

လေလံကြော်ငြာအမှတ် ( ၁ / ၂၀၂၄ )

၂၀၂၄ ခုနှစ် ၊ ဇန်နဝါရီ လ ၃ ရက်

(၁၃၈၅ ခုနှစ် ၊ နတ်တော်လဆုတ် ၇ ရက် )

၁။ ၂၀၂၄ - ၂၀၂၅ ခု ဘဏ္ဍာရေးနှစ်အတွက် အရပ်ရပ်အခွင့်အရေးလိုင်စင်များ အနက် အပေါင်ဆိုင်လိုင်စင်များနှင့် မြို့နယ်ဝင်ကြေးဘီးကောက်လိုင်စင်အား သက်တမ်းတိုးစနစ်ဖြင့် လည်းကောင်း၊ ကျန်အခွင့်အရေးလိုင်စင်များကိုဈေးပြိုင်စနစ်ဖြင့်လည်းကောင်း အောက်ဖော်ပြပါအစီအစဉ် အတိုင်း ရောင်းချမည်ဖြစ်ပါ၍ လိုင်စင်စည်းကမ်း ညွှန်ကြားချက်များနှင့်ညီညွတ်သူ မြန်မာနိုင်ငံသား မည်သူမဆို လာရောက်ဆွဲဝယ်နိုင်ပါကြောင်းကြော်ငြာအပ်ပါသည် -

### အရပ်ရပ်အခွင့်အရေးလိုင်စင်များ ရောင်းချမည့်နေ့ရက်သတ်မှတ်ချက်

| စဉ် | ရောင်းချမည့် အစီအစဉ် | လေလံရောင်းချမည့် နေ့ရက် / အချိန် | လျှောက်လွှာပိတ်မည့် နေ့ရက် / အချိန် | မှတ်ချက် |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| ၁ | ပထမအကြိမ် | ၁၅ - ၁ - ၂၀၂၄ ( တနင်္လာနေ့ ) နံနက် ( ၀၉ : ၃၀ ) | ၁၂ - ၁ - ၂၀၂၄ ( သောကြာနေ့ ) ညနေ ( ၁၆ : ၃၀ ) | |
| ၂ | ဒုတိယအကြိမ် | ၂၂ - ၁ - ၂၀၂၄ ( တနင်္လာနေ့ ) နံနက် ( ၀၉ : ၃၀ ) | ၁၉ - ၁ - ၂၀၂၄ ( သောကြာနေ့ ) ညနေ ( ၁၆ : ၃၀ ) | |
| ၃ | တတိယအကြိမ် | ၂၉ - ၁ - ၂၀၂၄ (ဗုဒ္ဓဟူးနေ့) နံနက် ( ၀၉ : ၃၀ ) | ၂၆ - ၁ - ၂၀၂၄ (သောကြာနေ့) ညနေ ( ၁၆ : ၃၀ ) | |
| ၄ | ချိတ်ပိတ်တင်ဒါ | ၇ - ၂ - ၂၀၂၄ (ဗုဒ္ဓဟူးနေ့) နံနက် ( ၀၉ : ၃၀ ) | ၆ - ၂ - ၂၀၂၄ (အင်္ဂါနေ့) ညနေ ( ၁၆ : ၃၀ ) | |
| ၅ | အခြားနည်း | ၁၄ - ၂ - ၂၀၂၄ (ဗုဒ္ဓဟူးနေ့) နံနက် ( ၀၉ : ၃၀ ) | ၁၃ - ၂ - ၂၀၂၄ (အင်္ဂါနေ့) ညနေ ( ၁၆ : ၃၀ ) | |

၂။ လိုင်စင်ယှဉ်ပြိုင်ဆွဲဝယ်လိုသူများအနေဖြင့် လိုင်စင်လျှောက်လွှာနှင့် အတူ လိုင်စင်ယှဉ်ပြိုင်ဆွဲဝယ်သူများ လိုက်နာရမည့်စည်းကမ်းများ အဖွဲ့ရုံးတွင် ဝယ်ယူရရှိနိုင်ပြီး အထက်ပါနေ့ရက်များတွင် လျှောက်လွှာနှင့် အတူ အောက်ဖော်ပြပါ အထောက်အထား စာရွက်စာတမ်းများ ပြည့်စုံစွာ ပူးတွဲလျှောက်ထားရမည်။

**(နောက်ကျတင်သွင်းလာသည့် လျှောက်လွှာများအား လက်ခံစဉ်းစားမည် မဟုတ်ပါ)**

(က) နိုင်ငံသားစီစစ်ရေးကဒ် မိတ္တူ၊

(ခ) လဝကအိမ်ထောင်စုစာရင်းပုံစံ ၆၆ / ၆ မိတ္တူ၊

(ဂ) လိုင်စင်ဆွဲဝယ်သူများသည် လိုင်စင်တစ်ခုချင်းစီ သတ်မှတ်ကြေးခင်းဈေး တစ်ဝက်ကို ဝေါမြို့မြန်မာစီးပွားရေးဘဏ်ခွဲတွင် မိမိအမည်ဖြင့် စာရင်းရှင် အပ်ငွေဖွင့်လှစ်၍ အမှုဆောင်အရာရှိ ရာထူးအမည်ဖြင့် ရေးသားထားသော ငွေထုတ်ယူခွင့်အမိန့် ( POP )နှင့်ပူးတွဲတင်ပြရမည်။

(ဃ) လိုင်စင်ဆွဲဝယ်သူများသည် သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးမှူးရုံး၏ အခွန်အပြီးသတ်စည်းကြပ်မှု ခံယူပြီး ကျသင့် အခွန်ကင်းရှင်းကြောင်း ထောက်ခံချက်၊ ပဲခူးတိုင်းဒေသကြီးအတွင်းအခြားမြို့နယ်မှ လာရောက်လေလံဆွဲဝယ်မည့်သူနှင့် တိုင်းဒေသကြီးပြင်ပမှ လာရောက်လေလံဆွဲဝယ်သူဖြစ်ပါက သက်ဆိုင်ရာ မြို့နယ်တွင်အခွန်ကင်းရှင်းကြောင်းနှင့်၎င်း၏ မရွှေ့မပြောင်းနိုင်သော အာမခံပစ္စည်းအထောက်အထားနှင့် ပတ်သက်၍ သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တန်ဖိုးစီစစ်ရေးအဖွဲ့၏ စီစစ်တင်ပြမှုအပေါ် အမှုဆောင်အရာရှိ၏ ထောက်ခံချက်ဖြင့် ပူးတွဲတင်ပြရမည်။

(င) လိုင်စင်ကြမ်းခင်းဈေးတန်ဖိုးထက် လျော့နည်းခြင်းမရှိသည့် လျှောက်ထားသူအမည်ပေါက် မရွှေ့မပြောင်းနိုင်သော ပစ္စည်း ( အဆောက်အဦ ၊အိမ်၊မြေ ) နှင့် ယင်းနေအိမ်၏ လေးဘက်မြင်ဓါတ်ပုံ(၄ ) ပုံ ၊(သို့ )ငွေစုစာအုပ် တင်ပြရမည်၊ (SpecialPower ) လွှဲအပ်တင်ပြခြင်းကို လက်ခံမည်မဟုတ်)

(စ) လိုင်စင်လျှောက်ထားသူအား အာမခံပစ္စည်းသည် ဆွဲဝယ်မည့်ကြမ်းခင်းဈေး ထက်တန်ဘိုးလျော့နည်းမရှိကြောင်း ၊ လျှောက်ထားသူအမည် မရွှေ့မပြောင်းနိုင်သောပစ္စည်း (အဆောက်အအုံ ၊ အိမ် ၊ မြေ ) အတွက် သက်ဆိုင်ရာ မြို့နယ် ကာလတန်ဘိုး စိစစ်ရေးအဖွဲ့နှင့် မြို့နယ်မြေစာရင်း၏ ထောက်ခံချက် )

(ဆ) ရပ်ကွက် / ကျေးရွာအုပ်ချုပ်ရေးမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ထောက်ခံချက် ၊

(ဇ) သက်တမ်းတိုးလိုင်စင် လုပ်ကိုင်ခွင့်ရရှိသူဖြစ်စေ ၊ တိုက်ရိုက်ချထားခြင်းခံရသူဖြစ်စေ၊ လေလံဆွဲဝယ်ရရှိသူဖြစ်စေ မိမိလိုင်စင်ရရှိသော လေလံကြေးငွေ (၅ ပုံ ၁ပုံ ) ( သို့မဟုတ် ) လိုင်စင်ကြေးငွေ ( ၂ပုံ ၁ပုံ ) ( တိုင်းဒေသကြီးပြင်ပ) (သို့မဟုတ်) အကြေပေးသွင်းရန် သတ်မှတ်သည့် လိုင်စင်ကြေးငွေများကို ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်( ၅ - ၄ - ၂၀၂၄ ) ရက်နေ့ နောက်ဆုံးထား၍ ပေးသွင်းရမည်။

(ဈ) ပဲခူးတိုင်းဒေသကြီးပြင်ပမှ လာရောက်ဆွဲဝယ်လုပ်ကိုင်သူဖြစ်ပါက လိုင်စင်ကြေး၏( ၅၀ %) အား လိုင်စင်ဆွဲဝယ်ရရှိသည့် ၂၀၂၄ - ၂၀၂၅ ခုဘဏ္ဍာရေးနှစ်အတွက် ( ၅ - ၄ - ၂၀၂၄ ) ရက်နေ့ နောက်ဆုံးထား၍ ပေးသွင်းရမည်။ ကျန် ( ၅၀% )အား ၂၀၂၄ ခုနှစ်ဧပြီလမှစ၍လစဉ်သတ်မှတ်ရက်များအတိုင်း (၄) ရစ်ခွဲ၍ပေးသွင်းရမည်။လေလံကြေးအနည်းဆုံးကျပ်သိန်း ( ၂၀ )အောက်ဖြစ်ပါက ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ် ( ၅ - ၄ - ၂၀၂၄)ရက်နေ့နောက်ဆုံးထား အကြေပေးသွင်းရမည်။

၃။ အရပ်ရပ်အခွင့်အရေးလိုင်စင်ဆွဲဝယ် လိုသူသည် ၂၀၂၄ - ၂၀၂၅ခုဘဏ္ဍာရေးနှစ်အတွက် အဖွဲ့၏ ( ၃ - ၁ - ၂၀၂၄ ) ရက်စွဲပါစာအမှတ် ၊ ၃၂ / ဃ - ၂ /ဝေါ(၀၀၁)ဖြင့်ထုတ်ပြန်ထားသည့် အရပ်ရပ်အခွင့်အရေးလုပ်ငန်းလိုင်စင်စည်းကမ်းများနှင့်လိုင်စင်တစ်ခုချင်းအလိုက်စည်းကမ်းများကို သိရှိနားလည်ပြီးဖြစ်ရမည်။

၄။ အထက်အပိုဒ် (င) ပါပိုင်ဆိုင်မှုအထောက်အထားများ တင်ပြနိုင်ခြင်းမရှိပါက လေလံကြေးနှင့်အခြားအခွန်အခများအား တစ်ပါတည်းအပြေအကြေပေးသွင်းရမည်။

REDMI 10 5G

၅။ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် အဖွဲ့ပိုင်အခွင့်အရေးလိုင်စင်များအားလေလံဆွဲလိုသူသည်စည်ပင်သာယာရေးဆိုင်ရာအခွန်၊အခကြွေးကျန်မရှိသူများဖြစ်ရမည့်အပြင်နာမည်ပျက်စာရင်းတင်သွင်းကြောင်း ကြော်ငြာ၍ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွက် လေလံဆွဲဝယ်ခွင့်ပိတ်ထားခြင်းခံရသူများ၊ ၎င်းနှင့်အတူနေ အိမ်ထောင်စုစာရင်းဝင်ပုဂ္ဂိုလ်များမဖြစ်စေရ။

၆။ လိုင်စင်အမျိုးအစားအလိုက် သက်ဆိုင်ရာ လုပ်ငန်းတစ်ခုချင်းစီအတွက် လေလံလျှောက်လွှာကိုကြော်ငြာသည့်နေ့ရက်မှစတင်၍တစ်စောင်လျှင် ငွေကျပ်( ၁၅၀၀၀/-) ဖြင့် ဝယ်ယူ၍လျှောက်လွှာတစ်စောင်စီဖြင့် လျှောက်ထားရမည့်ဖြစ်ပြီး လုပ်ငန်းလုပ်ကိုင်ခြင်းနှင့် စပ်လျဉ်း၍ကိုယ်တိုင်ဦးစီးလုပ်ကိုင်နိုင်ရမည့်အပြင်တစ်ဆင့်လွှဲပြောင်းဆောင်ရွက်ခြင်းမပြုရ။

၇။ အရပ်ရပ်အခွင့်အရေးလိုင်စင်များရောင်းချခြင်းနှင့် ပတ်သက်၍ အသေးစိတ် မေးမြန်းလိုပါက ဝေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်ဖြစ်စေ ၊ တယ်လီဖုန်းနံပါတ် (၀၅၂-၇၅၅၇၀ ၊ ၀၅၂ - ၇၅၇၆၁ )သို့ဖြစ်စေဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

၃၊၁၊၂၄

အမှုဆောင်အရာရှိ

( ဝင်းလှိုင် ၊ လက်ထောက်ညွှန်ကြားရေးမှူး )

စာအမှတ် ၊ ၃၁ / ဃ - ၂ / ဝေါ (၀၀၁)

ရက်စွဲ ။ ၂၀၂၄ ခုနှစ် ၊ ဇန်နဝါရီ လ ၃ ရက်

ဖြန့်ဝေခြင်း

လိုင်စင်စီဟောင်းများအားလုံးနှင့် အခြားစိတ်ပါဝင်စားသူများ

ဈေးတာဝန်ခံ (အများပြည်သူသိရှိနိုင်ရေးအတွက် ကြော်ငြာပေးရန်)

မိတ္တူကို

ညွှန်ကြားရေးမှူး ၊ ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ၊ ပဲခူးမြို့

ဥက္ကဋ္ဌ ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ၊ ဝေါမြို့

အမှုဆောင်အရာရှိ ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အားလုံး၊ ပဲခူးတိုင်းဒေသကြီး

ရပ်ကွက်အုပ်ချုပ်ရေးမှူး၊------------------------------ ရပ်ကွက် ၊ ဝေါမြို့

ရုံးလက်ခံ / မျှောစာတွဲ ။

REDMI 10 5G

## ၂၀၂၄ - ၂၀၂၅ ခု ဘဏ္ဍာရေးနှစ်အတွက် ဈေးပြိုင်စနစ်ဖြင့် လေလံရောင်းချမည့်အခွင့်အရေးလိုင်စင်များစာရင်း

| စဉ် | လိုင်စင်အမည် | ကြမ်းခင်းဈေး | စားပွဲတင်အာမခံငွေ |
|---|---|---|---|
| ၁။ | ဈေးတွင်းပုံကျဈေးကောက်လိုင်စင် | ၁၈၈၁၀၀၀၀ | ၉၄၀၅၀၀၀ |
| ၂။ | ညောင်ခါးရှည်ကျေးရွာ ဈေးကောက်လိုင်စင် | ၈၉၁၀၀၀၀ | ၄၄၅၅၀၀၀ |
| ၃။ | မြစ်ကျိုးကျေးရွာဈေးကောက်လိုင်စင် | ၉၈၀၀၀၀ | ၄၉၀၀၀၀ |
| ၄။ | ဈေးကြီးစက်ဘီးအပ်ခကောက်လိုင်စင် | ၁၀၉၅၀၀၀၀ | ၅၄၇၅၀၀၀ |
| ၅။ | ဈေးကြီးအိမ်သာခကောက်လိုင်စင် | ၉၃၀၀၀၀၀ | ၄၆၅၀၀၀ |
| ၆။ | ပန်းခြံဝင်ကြေးကောက်လိုင်စင် | ၄၀၀၀၀၀ | ၂၀၀၀၀၀ |

## ၂၀၂၄ - ၂၀၂၅ ခု ဘဏ္ဍာရေးနှစ်အတွက်

## သက်တမ်းတိုးစနစ်ဖြင့် ရောင်းချမည့် အခွင့်အရေးလိုင်စင်များစာရင်း

| စဉ် | လိုင်စင်အမည် | ကြမ်းခင်းဈေး | စားပွဲ ပွဲတင်အာမခံငွေ |
|---|---|---|---|
| ၁။ | မြို့မအပေါင်ဆိုင် (၁) | ၂၉၂၀၀၀၀ | ၁၄၆၀၀၀၀ |
| ၂။ | မြို့မအပေါင်ဆိုင် (၂) | ၁၀၅၀၀၀၀ | ၅၂၅၀၀၀ |
| ၃။ | ညောင်ခါးရှည်အပေါင်ဆိုင်(၁) | ၅၅၀၀၀၀ | ၂၇၅၀၀၀ |
| ၄။ | ညောင်ခါးရှည်အပေါင်ဆိုင်(၂) | ၅၉၀၀၀၀ | ၂၉၅၀၀၀ |
| ၅။ | မြစ်ကျိုးအပေါင်ဆိုင် | ၆၁၀၀၀၀ | ၃၀၅၀၀၀ |
| ၆။ | တနော်ကျွန်းအပေါင်ဆိုင် | ၆၉၀၀၀၀ | ၃၄၅၀၀၀ |
| ၇။ | ရှမ်းကိုင်းအပေါင်ဆိုင် | ၅၈၀၀၀၀ | ၂၉၀၀၀၀ |
| ၈။ | မြို့နယ်ဝင်ကြေးဘီးကောက်လိုင်စင် | ၃၄၉၀၀၀၀၀၀ | ၁၇၄၅၀၀၀၀၀ |

REDMI 10 5G